ရှကြားသွေးအိမြ
နှင်းဖြူးစားတဲ့
ကြိယ်



## တစ်သက်နဲ့ နှစ်သက် အသက်တွေ အများကြီး

သဘော်သီးပင် ခြေရင်းမှာလည်း
အထက်ဆင်စ မပတ်နဲ့တော့
ကျည်အ နေတဲ့ သေနတ်ကလည်း
ကျည်ထွက်ချင် ထွက်လာမယ်
အဲဒီ
သဘော်သီးပင်လည်း သူ့ဟာသူ
သီးချင် သီးလာမှာပေါ့
ဖျာကိုကိုင်ထားသူ အားလုံး
ပွဲလန့်တာကိုပဲ စောင့်နေကြတယ်
ဘာပဲပြောပြော
အားတဲ့တစ်နေ့တော့
လက်သမားဆရာ အိမ်ခေါ်ပြီး
ဂျက်ချလို့မရတဲ့ တံခါးအားလုံး
ပြင်လိုက်တော့မယ်။ ။

ဆယ်ယူနေတဲ့ မော်တွေထဲမှာ မြို့ရဲ့သမိုင်းပါတယ်

ဘာမှမသိချင်တော့တဲ့ ပုံစံမျိုးနဲ့
စက္ကန့်တံဟာ ပိုမြန်လာတယ်
နာရီစင်ကိုလည်း ဓာတ်ပုံရိုက်ထား။

လယ်ကွင်းတွေ သွားဆော့ရအောင်
မဟုတ်တော့ဘူး
လယ်ကွင်းတွေပေါ် ပြောင်းနေကြပြီ
ရောင်းလိုက်တဲ့အိမ် ဓာတ်ပုံရိုက်ထား။

ဦးပိန် တစ်ပုံရိုက်ထား
ပန်တျာကျောင်းလည်း ရိုက်ထား
လမ်းတွေ ကျယ်လာပြီး
စိတ်တွေ ကျဉ်းလာမှတော့
ဟွန်းတီးလည်း
ဘယ်သူမှ ဖယ်ပေးမှာမဟုတ်ဘူး
ဆီနဲ့ ရေ ရောထားတဲ့
လမ်းဘေးက တစ်ထောင်တန်
ဓာတ်ဆီဘူးကို တစ်ပုံရိုက်ထား။

စက်ဘီးနောက်က ပြုတ်ကျခဲ့တဲ့
သစ်သားစ တစ်ချောင်းဟာ
မြို့ရဲ့ အိမ်ပြန်ညနေခင်းပါ
တစ်ပုံရိုက်ထား
ဘေးနည်းနည်းကပ်
ကားထဲကနေ
ခေါင်းထွက်ပြီး ဆဲလိမ့်မယ်
ဒါလည်း တစ်ပုံရိုက်

တစ်မြို့လုံး လိုက်ရိုက်
တစ်ညနေလုံး ရိုက်
ကင်မရာထဲကနေ
မြို့ကို ဆွဲထုတ်လိုက်တော့
ဘာဖြစ်မှန်း မသိဘူး
ဘာမှ မပေါ်ဘူး
ပုံတွေအကုန်လုံး အဖြူပြောင်တွေ။ ။

## ငါ့တောင်ကုန်းပေါ်က အလံဖြူလေးကို မင်း မြင်မိပါစေ မိဝေ

ငါ့အဖြစ်က
နှာခေါင်းပိတ်နေတဲ့ တစ်ယောက်ကို
စက္ကူပန်းတွေ လက်ဆောင်ပေးသလိုမျိုး
မင်းနဲ့ ငါကြား
ဘာရနံ့မှ မရတော့တာ။

မင်းဆိုပြတဲ့ အချစ်သီချင်းက
ငါ့နားစည်ထဲတွင် လည်ခံနေရင် တစ်မျိုး
အခု
နှလုံးသွေးကြောထဲ စိမ့်ဝင်သွားတော့
မိဝေရေ ...
အုန်းသီးထဲ ရေတွေရောက်နေသလို
ငါ့မျက်လုံးထဲကိုလည်း
မျက်ရည်တွေ ခဏခဏ ရောက်နေတယ်

မိုးမမြင်၊ လေမမြင်
ချစ်ခြင်းကို လီဗာအကုန်တင်ခဲ့တုန်းက
တစ်ယောက်လက်ကို တစ်ယောက်
ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လို့
မင်းနဲ့ ငါကြား
ဖုန်မှုန့်လေး တစ်မှုန့်လေး
အဝင်မခံဘူး ပြောခဲ့ကြတယ်။
ချစ်တယ်လို့ တစ်ခါပြောတိုင်း
အမုန်းဟာ
အဲဒီအချစ်နောက်
လေခိုပြီး လိုက်လာတယ်ဆိုတာ
သူစိမ်းတွေဖြစ်တော့မှ
လေတိုက်တိုင်း ထွားနေတဲ့
မင်းအမုန်းတရားတွေကို ငါ မြင်ခဲ့တယ် မိဝေ
မင်းလက်ခုပ်ထဲမှာ
ကိုယ့်ဘဝလေး ရှိနေသေးတယ် မိဝေ
အဲဒီနေရာထက်
ပိုဝေးတဲ့နေရာကို မင်း မရှောင်ပါနဲ့တော့
ရှင်းပြရင် ပျက်သွားမှာကြောက်လို့
ကိုယ်
သေချင်ယောင်ဆောင်နေလိုက်ပါ့မယ်။

စွန့်လွှတ်ဖို့ စိတ်ကူးမရှိသူ ငါ့အတွက်
ညနေခင်းရဲ့ ကွင်းပြင်ထဲ
စွန်သွားလွှတ်ဖြစ်တယ် မိဝေ

ကြိုးအဆွေးလေးပေါ့
အလွမ်းအဆွေးတွေပါ ရောလို့
ငါ့စွန်လေး ပြတ်သွားရင်
ငါ ပျော်တယ် သိလား
တစ်ဖက်ကကြည့်ရင်
နင်နဲ့ ငါ မပျက်တော့ဘူးဆိုပြီး
ဆယ်တန်းကျောင်းသားတစ်ယောက်ရဲ့
စိတ်ကူးမျိုးနဲ့ စိတ်ကူးယဉ်ခဲ့မိတယ်။

ညမှထွက်တဲ့ ကြယ်
ညမှထွက်တဲ့ ပိုးစုန်းကြူး
ညမှထွက်တဲ့ ငါ
နင့်အရိပ်လေးများ မြင်မလားလို့
နင့်အခန်းလေးကို ငေးရင်း
ပြက္ခဒိန်ဟောင်းသုံးခု လွှင့်ပစ်ထားတဲ့
ငါ့အခန်းထောင့်မှာ
နောက်လေးလဆို
နောက်ပြက္ခဒိန်တစ်ခု
လွှင့်ပစ်ရတော့မယ် မိဝေ

သတင်းစာ နောက်နားမှာ
ငါ နေ့တိုင်းရှာဖတ်တာ
လက်ထပ်သွားတဲ့ သတင်းတွေပါ။ ။

## နယူးယောက်ကို သွားမယ်လို့တော့ အငမ ခဏခဏပြောတယ်

စကြဝဠာရဲ့ အတွင်းသားထဲထိ
လွမ်းတဲ့စိတ်ဟာ လျှောက်သွားတော့
ခေါင်းတိုင်က
မီးခိုးတွေထွက်တာ ရပ်မှ
ပြန်လာတဲ့ နေ့လယ်ခင်းတစ်ခု။

စစ်ပြီးလို့ အိမ်ပြန်ချင်တဲ့ သံ့ပန်းတွေလို
လေယာဉ်ပျံကို မော့ကြည့်ပြီး
စိတ်ဖြေနေရ
စာရွက်ပေါ်မှာ
စစ်နဲ့ပတ်သက်သမျှ ချရေးလို့
ရောက်လာမလား မျှော်လင့်ချက်နဲ့
ပုလင်းထဲထည့်ပြီး ရေထဲမျှောလိုက်တယ်။

သုံးလို့မရတဲ့ ပိုက်ဆံတွေပေါ်က
ဗိုလ်ချုပ်ကို သိပ်လွမ်းတာပဲဆို
တစ်အိမ်တည်းလင်းနေတဲ့ အိမ်ကြီးနား
မှောင်ရိပ်ခိုပြီး
စာအုပ်လေး ခိုးဖတ်ခဲ့တယ်။

ကြယ်တွေရဲ့ အသွား/အလာဟာ
ညမှဆိုတော့
သစ်ပင်ထိပ်ဖျားကနေ
တံချူနဲ့စောင့်နေတဲ့ ကလေးဘဝအိပ်မက်
ဒါလည်း
ပရိတ်ကြိုးလွယ်ထားလို့
ငါ အမှောင်ထဲ ဖြတ်ရဲတယ်ဆိုပြီး
စကားနောက် တရားပါ
လင်းကိုမလာတော့ဘူး
ဒါပြီးရင် ...
ဒါပြီးရင် ...
ဒါပြီးရင် ...
ဘယ်ဟာပြီးရင် လာမှာလဲ
ရှိတဲ့ဆေးတွေသောက်ပြီး အသက်ဆက်
အိပ်တန်းပြန်စရာမရှိတဲ့ ငှက်တွေပါ။

ကိုယ့်နိုင်ငံအလံ ကိုယ်
မမှတ်မိတဲ့ ကျွန်တော်ပါ မမေ
ဒီမှာမနေချင်လို့မှ မရတာ

သံသယဆိုတဲ့ အကိုင်းအခက်တွေပေါ်
သံချေးတက်နေတဲ့ ဓားကြီးကိုင်ပြီး
ဓားသွေးတဲ့သူအလာကို
မျှော်နေရတယ်။

ဒီလိပ်စာအတိုင်း
မေမေ အဆင်ပြေမယ်ဆို
ပျော်ရွှင်ခြင်းနည်းနည်းလောက်
ပို့ပေးစေချင်ပါတယ်။ ။

## အမြန်လမ်း (ရန်ကုန်-မန္တလေး)

ဘယ်သူက ရှင်ကွဲ ကွဲချင်မှာလဲ
ဘယ်သူရော
သေကွဲ ကွဲချင်မှာလဲ
အားလုံးက
ကျွန်တော့်ကိုပဲ အပြစ်တင်တယ်
ဖယ်ပေးလိုက်ရတဲ့ ရွာတွေ
လမ်းဖြစ်သွားတဲ့ လယ်ကွင်းတွေ။

မပြီးသေးဘဲ
ဖဲကြိုးတွေဖြတ်ပြီး
ဖွင့်အတင်း မောင်းလာကြတယ်။

ဖြစ်ပြီဆို
အဲဒီလမ်းကြောင့်
အဲဒီလမ်းကြောင့်နဲ့
ကွန်ကရစ်ပေါ်
တာယာပါးပါးလေးနဲ့
ဝှစ်ခနဲမောင်းပြီး
အမှောင်ထဲ ခုန်ချသွားကြ။

အခုမှ
ဝန်ခံတယ်
ကျွန်တော်တို့ မပြီးသေးဘူးဆိုပဲ
အရင်က ဖြန့်ထားတဲ့
မကောင်းဆိုးဝါးတွေကြောင့်ဆိုတဲ့
သတင်းကို ပြန်ရုပ်သိမ်းတယ်။

ကတ္တရာခင်းမှာ
အဲဒီမြို့နားတင်လား
သေမှာကြောက်တဲ့သူတွေအနား
ကျွန်တော် နေထိုင်ရတာ
မီးတထိန်ထိန်နဲ့
အသစ်အဆန်းတွေနဲ့။

ကောက်မယ့်သူမရှိတဲ့
၂၀၀ တန် အပိုင်းလေးတစ်ရှက်နဲ့
ကျွန်တော် ...
အဲဒီညက
စကားတော်တော်ပြောဖြစ်ခဲ့ကြပြီး
နောက်ထပ်လာမယ့်
သွေးထွက်သံယို ဆိုင်းဘုတ်တွေကို
မမြင်ချင်ဘူးဆိုတာ။ ။